ဓမ္မဒူတ

ဒေါက်တာအရှင်ပညိဿရ

B.A(Myanmar), M.A (Srilanka), Ph.D (India)

သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစက အာစရိယ

ဓမ္မကထိက ဗဟုဇနဟိတဓရ မဟာဂန္ထဝါစကပဏ္ဍိတ

# ကိုယ့်ရဲ့ ကယ်တင်ရှင်

ပြန့်ချိရေး

**ဆုပြည့်စုံထွန်းစာပေ**

အမှတ် - ၅၀၈/၅၁၂။ (၂-ခ)၊ ပထမထပ်၊ (သရဖီကွန်ဒို)၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

## ဓမ္မဒူတ တရားတမန်

ဓမ္မဒူတ စာပို့ချ သင်ကြ ကျင့်ကြစေ။
ဓမ္မဒူတ စာရေးပြ ဖတ်ကြ ကျင့်ကြစေ။
ဓမ္မဒူတ ဟောဖော်ပြ နာကြ ကျင့်ကြစေ။
ဓမ္မဒူတ တရားပြ ကျင့်ကြ ကျိုးရစေ။



ဓမ္မဒူတ

# ဒေါက်တာအရှင်ပညိဿရ

B.A (Myanmar), M.A(Sri Lanka), Ph.D (India)

သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစက အာစရိယ

ဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ

## ဒေါက်တာအရှင်ပညိဿရ

မွန်ပြည်နယ်၊ သထုံမြို့ ညောင်ဝိုင်းရပ်နေ ဦးကျော်လှိုင် + ဒေါ်မြင့်ကြည်တို့မှ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလတွင် ဖွားမြင်သည်။

တောင်စွန်း ဓမ္မဒူတတောရကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ကို ဥပဇ္ဈာယ်ပြုကာ ရှင်အဖြစ်၊ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

တောင်စွန်းဓမ္မဒူတတောရ၊ မန္တလေးမြို့မစိုးရိမ်တိုက်ဟောင်း၊ မစိုးရိမ်တိုက်သစ်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး

သဒ္ဓမ္မသီတဂူကျောင်းတို့တွင်လည်းကောင်း၊ သီရိလင်္ကာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင်လည်းကောင်း ပညာ သင်ယူခဲ့ပါသည်။

သာသနဓဇ ဓမ္မာစရိယဘွဲ့၊

သာသနဇောတိပါလ ဓမ္မာစရိယဘွဲ့၊

သာသနဟိတ ဂဏဝါစက အာစရိယဘွဲ့၊

B.A (Myanmar), M.A (Srilanka), Ph.D (India) ဘွဲ့တို့ကို ရရှိခဲ့သည်။

၂၀၀၆ ခုနှစ်တွင် နိုင်ငံတော်မှ ဆက်ကပ်သော မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တော်ကို ရရှိခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိ သာသနဟိတအသင်းကြီးမှ ဆက်ကပ်သော အဘိဝံသ ဘွဲ့တော်ကို ရရှိခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်မှ ဆက်ကပ်သော ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တော်ကို ရရှိခဲ့သည်။

ဓမ္မဒူတဆရာတော်ကြီး လွန်တော်မူသည့် ၁၉၉၇ ခုနှစ်မှ ၂၀၀၅ ခုနှစ်ထိ တောင်စွန်းဓမ္မဒူတ တောရကျောင်းတိုက် နာယကဆရာတော်အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

၂၀၀၄ ခုနှစ်မှစတင်၍ သထုံမြို့နယ်၊ ကျိုက်ကော်ကျေးရွာတွင် ဓမ္မဒူတသုခိတာရုံကျောင်းတိုက်ကို တည်ထောင်ဖွင့်လှစ်ကာ ပဓာနနာယကဆရာတော်အဖြစ် တာဝန်ယူ ဆောင်ရွက်သည်။

၂၀၀၅ ခုနှစ်မှ စတင်၍ ပဲခူးမြို့ ဆယ်မိုင်ကုန်းတွင် ဓမ္မဒူတတောရ သာသနာ့ရိပ်သာကို တည်ထောင်ဖွင့်လှစ်ကာ ပဓာနနာယက ဆရာတော်အဖြစ် စာရေး၊ စာချ၊ တရားဟော၊ တရားပြကာ သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

# ကိုယ့်ရဲ့ကာယ်တင်ရှင်

၁၃၆၈ ခုနှစ်၊ တန်ခူးလဆန်း (၆) ရက်၊ ၂၀၀၇ ခုနှစ် မတ်လ (၃၀) ရက်နေ့ညတွင် သနပ်ပင်မြို့ အောင်မြေဗောဓိဇေယျရုံသီ ဒက္ခိဏာသာခါ ဆုတောင်းပြည့် ရုပ်ရှင်တော်မြတ် ဆုတောင်းပြည့်ဘုရားဝင်းအတွင်း စီရင်ကျင်းပအပ်တဲ့ဓမ္မသဘင်ဝယ် ဟောကြားအပ်သော "ကိုယ့်ရဲ့ကာယ်တင်ရှင်" တရားတော်။

## ကယ်တင်ရှင်ကို ရှာရအောင်

ဘဝတစ်ခုပိုင်ဆိုင်ရရှိလာတဲ့ အချိန်မှာ ဘယ်သူမဆို လူတိုင်းလူတိုင်း သတ္တဝါတိုင်းဟာ ဘဝရဲ့အခက်အခဲ၊ ဘဝရဲ့အကျပ်အတည်း၊ ဘဝရဲ့ဆင်းရဲများစွာကို ကြုံရတွေ့ရပါတယ်။

ဆင်းရဲတဲ့သူလည်း ဆင်းရဲတဲ့သူအလျောက်၊ ချမ်းသာတဲ့သူလည်း ချမ်းသာတဲ့သူအလျောက်၊ ငယ်သူကလည်း ငယ်သူအတိုင်းအတာနဲ့၊ ကြီးသူကလည်း ကြီးသူအတိုင်းအတာနဲ့ မွန်းကြပ်နေကြတဲ့ ဘဝထဲမှာ ဘဝရဲ့လွတ်မြောက်မှုကို ဖော်ဆောင်ပေးမယ့် ဘဝရဲ့ကယ်တင်ရှင် တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် ကိုယ့်ရဲ့ဒုက္ခတွေက လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ညွှန်ပြပေးမယ့် ကိုယ်ရဲ့ကယ်တင်ရှင်ကို ဖော်ထုတ်ရမှာ ဖြစ်ပါတယ်။

# တရားနာတာ ကယ်တင်

တရားနာတာသည် ကိုယ့်ကိုယ်ကိုယ် ကယ်တင်နေတာပါ။

တရားနာတဲ့ အလုပ်က ကိုယ့်ကိုယ်ကိုယ်ကယ်တဲ့ အလုပ်ပါ။ တရားနာတယ်။ တရားနာကြတယ် တရားပွဲတွေ အမြို့မြို့အရွာရွာ နယ်ပယ်ဒေသအသီးသီး ကျင်းပကြတယ်။ တရားပွဲတွေ ကျင်းပနေကြတော့ တရားနာသူတွေ အမြောက်အမြား နာယူကြတယ်။ စိတ်ပါဝင်စားစွာနဲ့ တရားကို လေ့လာကြနာယူနေကြတာ ဝမ်းသာအားရဖြစ်စရာပါ။

တရားဓမ္မကို နာယူတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ကယ်တဲ့အလုပ်လို့ သိထားရပါမယ်။ ကိုယ့်ကို ကယ်တင်တာ တရားကကယ်တင်တာပါ။ ကိုယ့်ရဲ့ကယ်တင်ရှင်က

တရားပါ။ တရားသည်သာလျှင် ကိုယ့်ရဲ့ကယ်တင်ရှင်လို့ ပြောချင်ပါတယ်။

## တရားနာတဲ့ ရည်ရွယ်ချက်

"တရားဓမ္မ နာယူတယ် နာယူတယ်" ဆိုရာမှာ ဘာအတွက် တရားနာတာလည်းလို့ သိသင့်ပါတယ်။ အကြောင်းအမျိုးမျိုး ရည်ရွယ်ချက်အမျိုးမျိုး စိတ်ထားအမျိုးမျိုးနဲ့ တရားပွဲတွေကျင်းပကြတော့ တရားပွဲကျင်းပခြင်း၊ တရားနာယူခြင်းသည် ကိုယ့်ကိုယ်ကိုယ် ကယ်ဖို့လို့ နှလုံးသွင်းပါ။

ကိုယ့်ကိုယ်ကိုယ် ကယ်တင်တဲ့အလုပ်အနေနဲ့ တရားဓမ္မနာယူတဲ့အခါမှာ ရည်ရွယ်ချက်၊ ဦးတည်ချက် ရှိရမယ်။ တရားပွဲကျင်းပတဲ့ နေရာမှာလည်း မှန်ကန်တဲ့ ဦးတည်ချက် ရည်ရွယ်ချက်ရှိဖို့ လိုပါတယ်။

ဓမ္မလမ်းကြောင်းမတိမ်းစောင်းအောင် သတိထားဖို့ လိုပါတယ်။ကိုယ့်ကိုယ်ကိုယ် ကယ်တတ်ဖို့ လိုပါတယ်။

## ကယ်တင်ရှင်ကို မျှော်

ကယ်တင်ရှင်ကယ်တင်ရှင်ဆိုတဲ့ဒီစကားလုံးကမ္ဘာပေါ်မှာ အသုံးများပါတယ်။ ဆင်းရဲဒုက္ခ အကြပ်အတည်းတွေ့နေပြီတော့ ထွက်ပေါက်လိုချင်တဲ့သူ မှန်သမျှ ထွက်မြောက်ချင်တဲ့ သူမှန်သမျှ ဘာကိုမျှော်လင့်လဲဆိုရင် ကယ်တင်ရှင်ကို မျှော်ကြတယ်။

ဘဝကောင်းစားရေး၊ တိုးတက်ရေး၊ ကြီးပွားချမ်းသာရေး၊ ဘဝမှာသက်သာအဆင်ပြေရေးအတွက် ကယ်တင်ရှင်ကိုလိုလားကြတောင့်တကြတော့ ဘုရားရှင်ပြောတဲ့ ကယ်တင်ရှင်က တရားတော်ပါ။